# အမိုက်စား mobile device ၄ မျိုး

လူတွေရဲ့ နေ့စဉ်ဘဝထဲက mobile ပစ္စည်းတွေရဲ့ အခန်းကဏ္ဍ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးပွားလာတယ်ဆိုတာက အဲဒီပစ္စည်းတွေရဲ့ အသုံးဝင်မှု၊ ဆန်းသစ်နဲ့ နည်းပညာတွေနဲ့ ပြုလုပ်ထားမှု လုပ်ငန်းခွင်ကိုသာမက ဖျော်ဖြေရေးပိုင်းမှာလည်း အသုံးဝင်လာမှုတွေနဲ့ အများဆုံးသက်ဆိုင်နေတာဖြစ်ပါတယ်။ အဆင့်မြင့် နည်းပညာပစ္စည်း သုံးစွဲမှုနဲ့ မကင်းနိုင်တဲ့ စာဖတ်ပရိသတ်တွေကို ဒီလမှာတော့ smartphone၊ tablet နဲ့ e-reader အမျိုးအစားတွေထဲက သိပ်နောက်မကျသေးတဲ့ model လေးတွေရဲ့အကြောင်းကို ဖော်ပြပေးချင်ပါတယ်။

## Kindle Fire e-reader

၇ လက်မ အရွယ်အစားရှိတဲ့ multi-touch မျက်နှာပြင်က resolution 1024×600 ရှိပြီး 16 million color ရှိပါတယ်။ Kindle Fire မှာ app ပေါင်း ၈၀၊ ရုပ်ရှင် ၁၀ ကား၊ သီချင်းအပုဒ် ၈၀၀ အပြင် စာအုပ်ပေါင်း ၆,၀၀၀ လောက် သိမ်းထားနိုင်တဲ့ internal memory 8GB ပါဝင်ပါတယ်။ Amazon ရဲ့ content တွေအားလုံးကို cloud ထဲမှာ အခမဲ့ သိမ်းဆည်းခွင့်ကိုလည်း ပေးထားပါတယ်။

Kindle Fire ဟာ ရိုးရှင်းမှုရှိပြီး အသုံးပြုရလည်း လွယ်ကူပါတယ်။ မြန်ဆန်ပြီး စမ်းအားပြည့်တဲ့ လုပ်ဆောင်မှုမျိုးရအောင် dual-core processor ကို တပ်ဆင်ထားပါတယ်။ ဒါကြောင့် web ကို browse လုပ်နေရင်း သီချင်းဖွင့်ထားနိုင်သလို video တွေကို download လုပ်နေတုန်း စာလည်းဖတ်နေလို့ရပါတယ်။ Kindle Fire ကို သယ်ဆောင်ရလွယ်ကူပေါ့ပါးအောင် ပြုလုပ်ထားတာ ဖြစ်ပါတယ်။ သူ့အရွယ်အစားက 7.5"×4.7"×0.45" ဖြစ်ပြီး ၁၄.၆ အောင်စ လေးပါတယ်။

Kindle Fire ရဲ့ battery ဟာ ebook တွေကို ဖတ်မယ်ဆိုရင် ၈ နာရီအထိခံပြီး video တွေကို ၇ နာရီခွဲလောက်ထိ



ကြည့်နိုင်ပါတယ်။ Web ကို browse လုပ်တာနဲ့ download ချတာတွေပေါ်မူတည်ပြီး battery ခံချိန်က ကွဲပြားသွားမှာဖြစ်ပါတယ်။ သူ့ battery ကို အားအပြည့်ပြန်သွင်းဖို့ဆိုရင် ၄ နာရီလောက် အားသွင်းထားဖို့လိုပြီး PC နဲ့ ချိတ်ဆက်အားသွင်းလို့လည်း ရပါတယ်။ Micro USB connector (USB 2.0)၊ 802.11b/g/n 802.1x Wi-Fi network တွေကို သုံးနိုင်ပြီး Audio အတွက် 3.5 mm stero jack နဲ့ stereo speaker ပါဝင်ပါတယ်။

Kindle Fire မှာ Amazon Whispersync လုပ်ဆောင်ချက်၊ email ၊ document reader တို့အပြင် တခြား လုပ်ဆောင်နိုင်စွမ်းတွေ အများကြီးပါဝင်တာကိုလည်း တွေ့ရပါတယ်။ ■

---

# Samsung Galaxy Tab 7.7

Galaxy version tablet PC တစ်ခုဖြစ်တဲ့ Samsung Galaxy Tab 7.7 ဟာ phone ခေါ်ဆိုမှုတွေနဲ့ video call တွေကိုပါ လုပ်နိုင်တဲ့ ၇ လက်မအရွယ် မျက်နှာပြင်ရှိတဲ့ tablet ပဲ ဖြစ်ပါတယ်။ သူက tablet တစ်လုံးဆိုတာထက်စာရင် mobile phone အကြီးစားတစ်လုံးဆိုတဲ့ အထင်မျိုးကို ပိုမိုရောက်စေပါတယ်။

- OS - Android 3.2 Honeycomb
- Processor - 1.4 GHz dual-core
- RAM - 8GB LP DDR2
- Memory - 16/32/64GB movi NAND
  - micro SD (up to 32GB)
- Camera - 3 MP autofous LED (rare)
  - 2 MP fixedfous (front-facing)
- Connectivity - Wi-Fi 802 .11a/b/g/n (2.4 GHz & 5 GHz) 802 .11 n Wi-Fi Ch.Bonding, Wi-Fi Direct, Bluetooth 3.0, USB 2.0

Galaxy Tab 7.7 ဟာ Super AMOLED Plus မျက်နှာပြင်တပ်ဆင်ထားတဲ့ tablet ဖြစ်ပါတယ်။ Super AMOLED Plus မျက်နှာပြင်ဟာ အလင်းထဲရော အမှောင်ထဲမှာပါ အရောင်တွေကို ကောင်းမွန်စွာ ခွဲခြားပြသပေးနိုင်ပြီး ပုံရိပ် တွေရဲ့ အရောင်က သီးသီးခြားခြား စိုလွင်နေတယ်လို့ သိရပါတယ်။ သူ့မှာ တပ်ဆင်ထားတဲ့ battery ကလည်း video တွေ ဖွင့်ထားတုန်း ၁၀ နာရီ ခံတယ်လို့ သိရပါတယ်။

Samsung Galaxy Tab 7.7 ဟာ 7.84 mm အထူရှိပြီး ၃၃၅ ဂရမ်အလေးချိန်ရှိတာကြောင့် အိတ်ကပ်ထဲ အလွယ်တကူ ထည့်သွားလို့ရပါတယ်။ ပြီးတော့ သူက game တွေ၊ ebook တွေ၊ သီချင်းတွေနဲ့ တခြားအရာတွေ အများကြီးပါဝင်တဲ့ Samsung hub ဝန်ဆောင်မှုကိုလည်း ရယူသုံးစွဲနိုင်တယ်လို့ သိရပါတယ်။ ■



# HTC ရဲ့ Sensaion XE smartphone



Wi-Fi ၊ GPS ၊ bluetooth စတဲ့ လုပ်ဆောင်ချက်တွေ အစုံအလင်နဲ့ 3.5mm audio jack ပါဝင်တဲ့ HTC ရဲ့ smartphone ဖြစ်ပါတယ်။ Andorid 2.3.4 Gingerbread OS ကို run ထားတဲ့ smartphone ဖြစ်ပါတယ်။

540x960 resolution ရှိတဲ့ ၄.၃ လက်မ multitouch qHD display ကိုတပ်ဆင်ထားပြီး dual LED flash ပါတဲ့ 8MP camera ပါဝင်ပါတယ်။ Built-in အနေနဲ့ memory 1GB ပါဝင်ပြီး 32GB အထိ တိုးချဲ့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

- RAM - 768MB
- Processor - Dual core 1.5GHz
- Memory - Internal memory 1GB
  - Up to 32GB expandable memory
- USB - micro USB 2.0
- Battery - 1730 mAh Li-Ion (Talk time : up to 7 hours , Standby time: up to 22.5 days)
- Others - FM raido, multiformat video/audio player

---

# LG ရဲ့ smartphone : LG Thrill 4G



LG Thrill 4 G မှာ qHD resolution WVGA (480×800) ရှိတဲ့ ၄.၃ လက်မအရွယ် မျက်နှာပြင်ကို တပ်ဆင်ထားတာ ဖြစ်ပါတယ်။ သူက ပုံရိပ်တွေကို အသေးစိတ်ကျပြီး ကောင်းမွန်တဲ့ အရောင်နဲ့ ပြသပေးနိုင်ပါတယ်။ Viewing angle က အဆင်ပြေပေမယ့် တောက်ပမှု နည်းနည်းလိုနေသေးပြီး နေရောင်အောက်မှာဆိုရင် display မျက်နှာပြင်ကို ကာထားဖို့လိုပါတယ်။

LG Thrill 4G ရဲ့ camera က 1080p video တွေကို တစ်စက္ကန့်ကို 29 frame နှုန်းနဲ့ ရိုက်ယူပေးနိုင်ပြီး အသံဖမ်းယူမှု အရည်အသွေးကလည်း အဆင်ပြေပါတယ်။ ဓာတ်ပုံတွေ ရိုက်ယူတဲ့အခါမှာ မှုန်ဝါးပြီး၊ အရောင်တွေဖွာတာ dynamic range ကလည်း အားနည်းနေတာကို တွေ့ရပါတယ်။

LG Thrill 4G ဟာ တခြားဘက်မှာ အားနည်းချက်တွေရှိပေမယ့် သူ့ရဲ့ မူလတာဝန်ဖြစ်တဲ့ phone ခေါ်ဆိုမှုပိုင်းမှာတော့ အပြစ်အနာအဆာ မရှိပါဘူး။ Data သိုလှောင်မှုပမာဏ ကလည်း လုံလုံလောက်လောက်ရှိပြီး processing ပိုင်းလည်း မနှေးကွေးတာကို တွေ့ရပါတယ်။

- RAM - 512MB
- Processor - 1GHz dual core IT OMAP4
- Memory - 8GB (internal)
  - 8GB micro SD card (preloaded)
  - expendable up to 32GB